ISP နှင့်အတူ မိနစ် ၃၀

# 30 MINUTES with the ISP

ISP Series

အမှတ်-၄ • ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် ဖြန့်ချိပါသည်။

# စကားပြောသောဒေတာ

## မြန်မာ့ပဋိပက္ခနှင့် လူမှုဒုက္ခကို လက်ဆုပ်လက်ကိုင် တင်ပြခြင်း

၂၀၂၄ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ပြုလုပ်ခဲ့သော ‘ISP နှင့်အတူ မိနစ် ၃၀’ (30 Minutes with the ISP) အစီအစဉ်မှ ဆွေးနွေးချက်များအား စုစည်းဖော်ပြခြင်းဖြစ်ပါသည်။



Design: San Win

ISP နှင့်အတူ မိနစ် ၃၀

# 30 MINUTES with the ISP

## စကားပြောသောဒေတာ

မြန်မာ့ပဋိပက္ခနှင့် လူမှုဒုက္ခကို လက်ဆုပ်လက်ကိုင် တင်ပြခြင်း

### အယူအဆမှတ်စု

မြန်မာနိုင်ငံ စစ်မျက်နှာတွေရဲ့ အနားသတ်လိုင်းတွေဟာ အလျင်အမြန်ကို ပြောင်းလဲနေကြပါတယ်။ အတိုက်အခံပြု အန်တုနေတဲ့ တော်လှန်ရေးအင်အားစုတွေကလည်း အရောင်အသွေး စုံလွန်းလှပါတယ်။ ဦးတည်ရည်မှန်းထားကြတဲ့ အိပ်မက်တွေကလည်း မတူညီကြပါဘူး။ စစ်အာဏာသိမ်းချိန် သုံးနှစ်ကျော်အတွင်း ISP-Myanmar ရဲ့ ဒေတာတွေအရ တိုင်းရင်းသားအဖွဲ့တွေ၊ PDFs လက်နက်ကိုင်တပ်ဖွဲ့တွေနဲ့ စစ်ကောင်စီတပ်တွေအကြား ထိတွေ့တိုက်ပွဲပေါင်း အနည်းဆုံး အကြိမ် ၁၇,၀၀၀ ဖြစ်ပွားခဲ့ပြီး နိုင်ငံအတွင်းက မြို့တွေရဲ့ ၇၀ ရာခိုင်နှုန်းလောက်မှာ ပဋိပက္ခစစ်ပွဲတွေ ဖြစ်ပွားနေတာပါ။ ဒါပေမဲ့ ‘စစ်ဆင်ရေး ၁၀၂၇’ ကစလို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ နွေဦးတော်လှန်ရေးက ပေါက်ဖွားလာတဲ့ PDFs အဖွဲ့တွေဟာ စစ်ကောင်စီရဲ့အရှေ့မြောက်တိုင်းစစ်ဌာနချုပ်(ရမခ)အပါအဝင် အနည်းဆုံး မြို့ ၇၄ မြို့ကို သိမ်းပိုက်နိုင်ခဲ့ပါတယ်။ မြန်မာစစ်တပ်အနေနဲ့ မရှုမလှ ရှုံးနိမ့်ဆုတ်ခွာမှုတွေ ကြုံတွေ့ခဲ့ရပြီး အိမ်နီးချင်းနိုင်ငံတွေနဲ့ နိုင်ငံတကာလေ့လာသူအများစုကို အံ့အားသင့်စေခဲ့ပါတယ်။

ISP-Myanmar အနေနဲ့ ဖြစ်ပျက်နေတဲ့ စစ်နယ်ဝန်းနဲ့ ပဋိပက္ခရဲ့ ကျယ်ပြန့်ပြောမှု အတိုင်းအဆကို မြေပုံတွေ၊ ဂရပ်ပုံကားချပ်တွေနဲ့ ရှင်းပြနိုင်ဖို့ အတတ်နိုင်ဆုံး ကြိုးပမ်းခဲ့ပါတယ်။ ဒီလိုကြိုးစားရှင်းပြရာမှာ မဟာဗျူဟာ စဉ်းစားချက်နဲ့ စစ်ပွဲဆင်နွှဲပုံ (strategic and operational explanations) တွေကို ဆုပ်ကိုင်မိဖို့က ခက်လှပါတယ်။ အချက်အလက်တွေ၊ အခြေအနေတွေကို လူအများနားလည်အောင် မြေပုံပေါ် တင်ရတာက ထင်သလောက်မလွယ်ပါဘူး။ အလားတူ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနဲ့ စစ်ပွဲတွေရဲ့ နောက်ကွယ်က အကျိုးစီးပွားတွေ၊ နိုင်ငံရေးဆိုင်ရာဘောဂဗေဒ အကြောင်းအချက်တွေကိုလည်း ဖော်ပြနိုင်ဖို့ တတ်နိုင်သလောက် အားထုတ်ကြပါတယ်။ ဒီလိုကျယ်ပြန့်ပြောတဲ့ စစ်ပွဲအတွင်းမှာ သေချာတဲ့အချက်က လူသားလုံခြုံရေးကိစ္စနဲ့ အရပ်သားပြည်သူတွေအပေါ် ကာကွယ်မှု ▶

ပေးနိုင်ရေးကိစ္စတွေဟာ ပိုလို့ခက်ခဲလာနေတာပါ။ ISP-Myanmar ရဲ့ဒေတာအခြေခံ မှန်းဆချက်တွေအရ ပြည်တွင်းမှာ အိုးအိမ်စွန့်ခွာ ထွက်ပြေးနေကြရတဲ့ စစ်ပြေးဒုက္ခသည်က ၆ ဒသမ ၅ သန်းကျော် ရှိနေပါပြီ။

မဟာဗျူဟာနဲ့ စစ်ဆင်ရေးမှန်းဆချက်တွေကို လုပ်ဆောင်ရာမှာ အကြီးမားဆုံးအခက်အခဲက ခေါင်းဆောင်သူတွေရဲ့ တွက်ချက်မှု၊ စိတ်လိုလက်ရပြုမူကျင့်ကြံမှု၊ စစ်ပွဲတွေအတွက် ရည်မှန်းချက်၊ သူတို့ရဲ့ ကျိုးကြောင်းစဉ်းစားဆုံးဖြတ်ပုံ၊ အထူးသဖြင့် ထွန်းသစ်စ တော်လှန်ရေးတပ်ဖွဲ့တွေရဲ့စဉ်းစားပုံတွေက ပုံသေကားကျ ဟုတ်မနေတာ၊ ဧကန်သဘော ကောက်ချက်ဆွဲဆုပ်ကိုင်လို့ မရတာတွေ ဖြစ်ပါတယ်။ ဒီလိုအကန့်အသတ်တွေကြားထဲကနေ စစ်ပွဲတွေရဲ့ ‘မဟာဗျူဟာနဲ့ စစ်ဆင်ရေး’ မှန်းဆချက်တွေကို တွက်ဆဖော်ပြရတာ ဖြစ်ပါတယ်။ စစ်ပွဲတွေက အရှိန်တညီးညီး ပြင်းထန်နေပြီး အပြောင်းအလဲတွေက မြန်ဆန်လှပါတယ်။

စစ်ရေးအောင်ပွဲတွေကို ချီးကျူးမြှောက်စားနေကြပေမဲ့ စစ်ဘေးဒဏ်သင့်ရတဲ့ လူထုတွေရဲ့ အသံကို ကြားနိုင်ဖို့ကတော့ ခက်ခဲလှပါတယ်။ စစ်ပွဲတွေရဲ့ အနားသတ်မျဉ်းကို ဖမ်းဆုပ်ဖို့နဲ့ လူထုတွေ တွေ့ကြုံနေရတဲ့ လူမှုဒုက္ခ ပြဿနာတွေကို ဆုပ်ကိုင်တင်ပြဖို့ကလည်း မလွယ်ကူလှပါဘူး။ ISP-Myanmar က လူငယ်သုတေသီတွေအနေနဲ့ အလျင်အမြန် ကျယ်ပြန့်ဖြစ်ပေါ်နေတဲ့ စစ်ပွဲတွေကို မှတ်တမ်းတင်ရပါတယ်။ သတင်းတွေကို အတည်ပြုရပါတယ်။ တိုက်ဆိုင်စစ်ဆေးရပါတယ်။ မြေပုံပေါ် တင်နိုင်အောင် ကြိုးပမ်းရပါတယ်။ စစ်ပွဲအတွင်းက အရပ်သား ပြည်သူလူထုတွေရဲ့ ဒုက္ခကလည်း တောင်လိုပုံနေပါတယ်။ စိတ်ထိခိုက်ကြေကွဲဖွယ်ရာဇာတ်လမ်းတွေ၊ သေကြေပျက်စီးရမှုတွေကလည်း ဒုနဲ့ဒေးပါပဲ။ စာမျက်နှာပေါ် မှတ်တမ်းတင်ထားနိုင်ကြတာကလည်း ပင်လယ်ကြီးရဲ့ တစွန်းတစ ကမ်းခြေမျှသာ ရှိပါလိမ့်မယ်။

အချက်အလက်အခြေပြု သုတေသနဖော်ပြချက်တွေ ဖြစ်ပေမဲ့ ISP-Myanmar ကတော့ ပဋိပက္ခတွေရဲ့ လူသားမျက်နှာဘက်အခြမ်းကို တင်ပြပြီး လူသားလုံခြုံရေးရှုထောင့်ကို အလေးပေးဖော်ပြလိုပါတယ်။ စစ်ပွဲတွေရဲ့ အမှောင်ဘက်ခြမ်းကမ္ဘာကိုလည်း သိရှိနားလည်နိုင်အောင် ကြိုးပမ်းခဲ့ပါတယ်။ အခု မိနစ် ၃၀ ဆွေးနွေးချက် ‘30 Minutes with the ISP’ အစီအစဉ်ကတော့ အဲဒီလိုကြိုးပမ်းမှုတွေရဲ့ ကန့်လန့်ကာနောက်ကွယ်(behind the scenes)ကို တချက်လှစ်ပြ တင်ပြချင်တာပါပဲ။ စစ်ပွဲပဋိပက္ခတွေနဲ့ လူသားလုံခြုံရေးရှုထောင့်တွေကို ISP-Myanmar ရဲ့ သုတေသီတွေက ဘယ်လိုဆုပ်ကိုင်တင်ပြဖို့ ကြိုးပမ်းနေသလဲဆိုတာကို သိရှိစေချင်တာပါ။ ■

ISP နှင့်အတူ မိနစ် ၃၀

# 30 MINUTES with the ISP

## စကားပြောသောဒေတာ

### မြန်မာ့ပဋိပက္ခနှင့် လူမှုဒုက္ခကို လက်ဆုပ်လက်ကိုင် တင်ပြခြင်း




ကျော်ထက်
Program Head
ISP Conflict, Peace & Security Program
ဦးဆောင်ဆွေးနွေးသူ



ဇော်ထက်
Program Officer
ISP Conflict, Peace & Security Program
ဆွေးနွေးဖက်



ပန်ဆု
Program Associate
ISP Conflict, Peace & Security Program
ဆွေးနွေးဖက်



အင်ကြင်းမေ
Program Head
ISP Communications Department
အခမ်းအနားမှူး

ISP နှင့်အတူ မိနစ် ၃၀

30 MINUTES with the ISP



အင်ကြင်းမေ

Program Head
ISP Communications Department
အခမ်းအနားမှူး

**‘ISP နှင့်အတူမိနစ် ၃၀’**အစီအစဉ်ကို တက်ရောက်လာကြတဲ့ ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားများအားလုံး မင်္ဂလာပါရှင့်။ ကျမကတော့ အင်ကြင်းမေပါ။ ဒီနေ့အစီအစဉ်မှာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ **‘စကားပြောသောဒေတာ - မြန်မာ့ပဋိပက္ခနှင့်လူမှုဒုက္ခကို လက်ဆုပ်လက်ကိုင်တင်ပြခြင်း’** ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

Panelists တွေကတော့ ISP-Myanmar ရဲ့ ပဋိပက္ခ၊ ငြိမ်းချမ်းရေးနဲ့လုံခြုံရေးဆိုင်ရာ လေ့လာရေးဌာနက Program Head ဖြစ်တဲ့ ကိုကျော်ထက်၊ Program Officer ကိုဇော်ထက်နဲ့ Program Associate မပန်ဆုတို့ ဖြစ်ပါတယ်။ Panelists တွေရဲ့ တင်ပြချက်တွေအပြီးမှာ ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေဆီကနေ ကြိုတင်ကောက်ယူထားတဲ့ မေးခွန်းတွေအပြင် ဒီနေ့ဆွေးနွေးပွဲ တက်ရောက်လာသူတွေရဲ့ မေးခွန်းနဲ့ မှတ်ချက်တွေကို လက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Live မေးတာအပြင် Chat နဲ့ Q&A ကနေလည်း မေးမြန်းနိုင်ပါတယ်။ ဆွေးနွေးပွဲအချိန်အတွင်းမှာ အစီအစဉ်အကန့်အသတ်ကြောင့် မဖြေလိုက်ရတဲ့ မေးခွန်းနဲ့ မှတ်ချက်တွေကို အီးမေးလ်ကနေ ပြန်လည်ပေးပို့ပြီး ဖြေကြားသွားပါမယ်ရှင့်။

မေးခွန်းနဲ့မှတ်ချက်တွေမှာ သတိပြုဖို့ကတော့ လူမျိုး၊ ဘာသာ၊ ကျား/မ လိင်ခံယူမှု၊ နိုင်ငံရေး အမြင်မတူမှု စတာတွေအပေါ်မှာ ချိုးနှိမ်စော်ကားတဲ့ အမုန်းစကားတွေ မပါဝင်ဖို့ပါဘဲ။ ဒီ အချက်တွေကို Chat ကနေလည်း ပေးပို့ထားပါတယ်ရှင့်။ အခုအစီအစဉ်ကို DVB ရုပ်သံ သတင်းဌာနအပြင် ISP-Myanmar ရဲ့ဝက်ဘ်ဆိုက်နဲ့ ဆိုရှယ်မီဒီယာတွေမှာလည်း ပြန်လည် ထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။ ဆွေးနွေးပွဲမစခင် အခုခေါင်းစဉ်နဲ့ပတ်သက်ပြီး လေ့လာ ချက်တချို့ကို ထုတ်နုတ်ထားတဲ့ video ကို ဖွင့်ပြချင်ပါတယ်။ အဲဒါပြီးရင် panelist တွေဖြစ် တဲ့ ကိုကျော်ထက်၊ ကိုဇော်ထက်နဲ့ မပန်ဆုတို့က ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

30 **Minutes** with the **ISP**

---

## စကားပြောသောဒေတာ

### မြန်မာ့ပဋိပက္ခနှင့် လူမှုဒုက္ခကို လက်ဆုပ်လက်ကိုင် တင်ပြခြင်း

ဆွေးနွေးမှုဗီဒီယိုဖိုင်ကို ISP YouTube Channel မှာ ကြည့်ရှုနိုင်ပါတယ်။
အခုအစီအစဉ်ကို အပတ်စဉ် တနင်္လာမနက် ၁၁း၃၀ နာရီနဲ့ ဗုဒ္ဓဟူးည ၇း၃၀ နာရီအချိန်တွေမှာ
DVB ရုပ်သံလိုင်းကလည်း ထုတ်လွှင့်ပေးနေပါတယ်။

SCAN THIS CODE



ကျော်ထက်
Program Head
ISP Conflict, Peace & Security Program
ဦးဆောင်ဆွေးနွေးသူ

ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ဒီနေ့အစီအစဉ်ကို တက်ရောက်လာကြတဲ့ မိတ်ဆွေတွေကို ကျေးဇူးတင်ကြောင်း ကနဦးပြောချင်ပါတယ်။ ဒီနေ့ဆွေးနွေးပွဲကိုတော့ အပိုင်း သုံးပိုင်း ခွဲပြီး ကျနော်တို့ ဆွေးနွေးချင်ပါတယ်ခင်ဗျာ။ အပိုင်း-၁ ကတော့ လက်ရှိပဋိပက္ခအခြေအနေနဲ့ ပတ်သက်တဲ့ အချက်အလက်တချို့နဲ့ ဘယ်လိုပုံစံမျိုး ရုပ်ထွေးပွေလီလဲဆိုတဲ့အကြောင်းကို ရှင်းပြမှာပါ။ ဒုတိယတပိုင်းကတော့ အဲဒီလိုအကြောင်းအချက်တွေနဲ့ ရှင်းပြတဲ့အခါ အဓိက အခြေခံအကြောင်းတရားဖြစ်တဲ့ သုတေသနလုပ်ငန်းတွေ ပြုလုပ်တဲ့အခါမှာ ကြုံရတဲ့ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေနဲ့ပတ်သက်ပြီးတော့ ရှင်းပြမှာဖြစ်ပါတယ်။ တတိယတခုကတော့ ကျနော်တို့ သုတေသနတွေ၊ ဆွေးနွေးမှုတွေလုပ်တဲ့အခါမှာ ဘယ်လိုရှုထောင့်၊ မျက်နှာစာကနေပြီးတော့ တင်ပြမှုတွေလုပ်လေ့ရှိလဲ ဆိုတာကို အဓိကဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျနော်ကတော့ ပထမတပိုင်းကို အဓိကဆွေးနွေးသွားပါမယ်ခင်ဗျာ။

စစ်အာဏာသိမ်းပြီးနောက်ပိုင်းမှာ ဒီနိုင်ငံဟာ တကယ့်ကို ဝရုန်းသုန်းကား အခြေအနေတခုကို ဆိုက်ရောက်ခဲ့ရတာပါ။ ကျနော်တို့ ISP-Myanmar အနေနဲ့ဆိုရင်လည်း စစ်အာဏာသိမ်းမှု စတင်ကတည်းက ပဋိပက္ခကိန်းဂဏန်းများ လေ့လာမှုအစီအစဉ်ဆိုတဲ့ Conflict Data Program တခုကို စတင်ခဲ့ပါတယ်။ ဒီလေ့လာမှုတွေရဲ့ အချက်အလက်တွေအရပဲ မြန်မာနိုင်ငံမှာ စစ်အာဏာသိမ်းပြီးကတည်းကနေ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအထိ တနှစ်ကျော် နှစ်နှစ်နီးပါး အတွင်းမှာ မြန်မာနိုင်ငံ မြို့နယ်ပေါင်း ၃၃၀ ရှိတဲ့အထဲမှာမှ ၁၈၇ မြို့နယ်မှာ လက်နက်ကိုင် တိုက်ပွဲတွေ ဖြစ်ပွားခဲ့တာကို ကျနော်တို့ လေ့လာတွေ့ရှိရပါတယ်။ အခု ၂၀၂၄ ခုနှစ် ဩဂုတ်လအထိဆိုရင် မြို့နယ်ပေါင်း ၂၃၆ မြို့နယ်အထိလောက်မှာ တိုက်ပွဲတွေ တိုးလာတာကို

တွေ့ရပါတယ်။ တဖက်မှာလည်း နိုင်ငံအနှံ့ကို ကြည့်လိုက်မယ်ဆိုရင် လက်နက်ကိုင်တိုက်ပွဲ အရေအတွက်တွေဟာ သောင်းချီရှိလာခဲ့သလို လက်နက်ကိုင်တပ်ဖွဲ့တွေရဲ့ အရေအတွက်တွေကို ကြည့်မယ်ဆိုရင် အာဏာမသိမ်းခင်ကဆိုလို့ရှိရင် အဖွဲ့ပေါင်း ၂၀ ကျော်လောက်ရှိရာကနေ အာဏာသိမ်းပြီးနောက်ပိုင်းမှာ အဖွဲ့ပေါင်း ၇၀၀ အထိ တိုးလာပါတယ်။ အခုနောက်ဆုံး သေချာစနစ်တကျလေ့လာမှုတွေအရ ကြည့်တဲ့အခါ မြန်မာနိုင်ငံမှာ လက်နက်ကိုင်တပ်ဖွဲ့ပေါင်း ၅၀၀ နီးပါးအထိ ရှိနေတာကို တွေ့ရပါတယ်။ တဖက်မှာလည်း ပဋိပက္ခရဲ့ အနားသတ်မျဉ်းတွေကလည်း အမြဲတမ်း အပြောင်းအလဲ ရှိနေတာကို တွေ့ရပါတယ်။ တချိန်တည်းမှာပဲ စစ်ကောင်စီဘက်ကို လေ့လာကြည့်တဲ့အခါမှာ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေအနေနဲ့ အနည်းဆုံး ခြေလျင်/ခြေမြန်တပ်ရင်းပေါင်း ၁၀၀ ကျော်လောက် လက်လွှတ်ဆုံးရှုံးခဲ့ရတာကို ကျနော်တို့ တွေ့မြင်ခဲ့ရပါတယ်။ အမိန့်ပေးယူနစ်တွေကို ပြန်ကြည့်မယ်ဆိုရင်လည်း MOC လို့ခေါ်တဲ့ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (Military Operations Command) သုံးခုကိုလည်း လက်လွှတ်

ကပြင်ရုပ်ဝန်း
ISP Myanmar

**ISP** CONFLICT, PEACE AND SECURITY

### ■ အာဏာသိမ်း သုံးနှစ်အလွန် အခြေအနေ

| | ပဋိပက္ခသက်ရောက်သော မြို့နယ် | လက်နက်ကိုင်တပ်ဖွဲ့ | စစ်ကောင်စီ၏ ရှုံးနိမ့်မှု | သိမ်းပိုက်ခံရသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ |
|---|---|---|---|---|
| ၂၀၂၁ | - | ၂၁ | | |
| ၂၀၂၂ | ၁၈၇ | - | | |
| ၂၀၂၃ | ၂၂၇ | - | | |
| ၂၀၂၄ | ၂၃၆ | ၅၀၀+ | ခြေလျင်တပ်ရင်း/<br>ခြေမြန်တပ်ရင်း **၁၀၀+**<br>စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် **၃**<br>ဒေသကွပ်ကဲမှုစစ်ဌာနချုပ် **၁**<br>တိုင်းစစ်ဌာနချုပ် **၁** | တရုတ်ရင်းနှီးမြှုပ်နှံမှု **၁၉**<br>အိန္ဒိယရင်းနှီးမြှုပ်နှံမှု **၁**<br>ထိုင်းရင်းနှီးမြှုပ်နှံမှု **၁** |

ဆုံးရှုံးခဲ့ရသလို လောက်ကိုင်လို နေရာမျိုးမှာ ဖြစ်ခဲ့ကြတဲ့ ဒကစပေါ့နော်၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်တခုကိုလည်း လက်လွှတ်ဆုံးရှုံးခဲ့ရတာ ဖြစ်ပါတယ်။ နောက်ဆုံးတခုကတော့ လားရှိုးမှာဖြစ်ခဲ့တဲ့ တိုင်းစစ်ဌာနချုပ်ပေါ့နော်၊ RMC (Regional Military Command) တခုကို လက်လွှတ်ဆုံးရှုံးခဲ့ရတာကို ကျနော်တို့တွေ့ရပါတယ်။ ချုပ်ပြောရရင်တော့ မြန်မာစစ်တပ်ဟာ စစ်ရေးအရ ရှုံးနိမ့်နေတယ်၊ ရှုံးနေတယ်ဆိုတာဟာ အချက်အလက်အားဖြင့်လည်း အခိုင်အမာရှိပြီးသား၊ ဒါက ကျနော်တို့ကိုယ်တိုင်လည်း ဖော်ထုတ်ထားပြီးသား အကြောင်းအရာဖြစ်ပါတယ်။


ဒီဆုံးရှုံးမှုတွေဟာ စစ်တပ်အတွက်တော့ တကယ့်ကိုသမိုင်းတွင်တဲ့ ဆုံးရှုံးမှုတွေ ဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းစစ်ဌာနချုပ်အားလုံးနီးပါးက ဒီတိုက်ပွဲတွေထဲမှာ ပုံစံတမျိုးမျိုးနဲ့ စစ်ကျွံနေတာကိုလည်း တွေ့ရပါတယ်။ ဒါကိုလည်း အခုပြထားတဲ့ မြေပုံမှာ တွေ့နိုင်ပါတယ်ခင်ဗျာ။ ဒါပေမဲ့

ကပြင်ရုပ်ဝန်း
ISP Myanmar

## စစ်တိုင်းကိုးခု တိုက်ရိုက် စစ်မျက်နှာစာဖွင့် ရင်ဆိုင်နေရ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ)

အာဏာသိမ်းမှုအလွန် နိုင်ငံအနှံ့ လက်နက်ကိုင်ပဋိပက္ခများအတွင်း စစ်ကောင်စီ တိုင်းစစ်ဌာနချုပ်များ၏ အခြေအနေကို ဖော်ပြထားခြင်းဖြစ်သည်။ အထူးသဖြင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အတွင်းမှ မြို့ပေါင်း ၂၁ မြို့ကို တိုင်းရင်းသားလက်နက်ကိုင် ပူးပေါင်းတပ်ဖွဲ့များက ထိန်းချုပ်ထားပြီး စစ်ဌာနချုပ်ကိုပါ သိမ်းယူထားသည်။ ထို့ကြောင့် စစ်ကောင်စီ၏ စစ်တိုင်း ၁၄ ခုအနက် တခုမှာ လုံးဝကျရှုံးသွားပြီး ကိုးခုမှာ တိုက်ရိုက် စစ်မျက်နှာစာဖွင့် ရင်ဆိုင်နေရသည်။ နေပြည်တော်တိုင်း၊ ရန်ကုန်တိုင်း၊ အနောက်တောင်တိုင်းနှင့် တြိဂံဒေသတိုင်း လက်အောက်ခံတပ်များမှာလည်း အခြားစစ်တိုင်းများအတွက် တပ်နှုတ်၊ စစ်ကူ စေလွှတ်ပေးနေရပါသည်။




မှတ်ချက် - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ အခြား လွတ်လပ်သောအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားရှိပြီး မြေပြင်အခြေအနေအပါအဝင် ဒေတာရရှိမှုအကန့်အသတ်များကြောင့် အနည်းငယ်ကွဲလွဲမှုရှိနိုင်ပါသည်။

▶ စစ်တပ်အနေနဲ့ကတော့ ဒီလိုမျိုးမြင်ပုံမရပါဘူး။ သူ့ခေါင်းဆောင်တွေရဲ့ ပြောကြားချက်တွေ၊ မိန့်ခွန်းတွေကို ပြန်ကြည့်လိုက်မယ်ဆိုရင် နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင် လုပ်နေတာ၊ ဒေသမတည်မငြိမ်ဖြစ်နေတာဆိုတာလောက်ပဲ ဝါဒဖြန့်နေတာမျိုးတွေ ရှိပါတယ်။ ဒါကို သူ့အနေနဲ့ သူ့ရဲ့ဆုံးရှုံးမှုကို အခြေခံအဆင့် လက်သင့်ခံနိုင်တဲ့ အနေအထားတောင် မရှိသေးဘူးလို့ ဆိုရမှာပါ။

ဒီလိုမျိုးအခြေအနေတွေဟာ အင်မတန်မှကို ရှုပ်ထွေးပွေလီပါတယ်။ ဒါ့အပြင် ရက်တိုင်းရက်တိုင်းမှာ တကယ့်ပဋိပက္ခနဲ့ပတ်သက်တဲ့ ဖြစ်စဉ်တွေ၊ ဆက်စပ်သတင်းတွေက လူတွေအတွက် ဖတ်ရှုဖို့၊ နားလည်ဖို့က တကယ့်ကို မကုန်မခန်းနိုင်ပါပဲ။ ပုံစံအမျိုးမျိုး၊ ရည်ရွယ်ချက်အမျိုးမျိုးနဲ့ တင်ဆက်ကြတဲ့ သတင်းတင်ဆက်မှုတွေအပြင်၊ တကယ့်လက်တွေ့မြေပြင်အခြေအနေတွေက အရမ်းရှုပ်ထွေးလွန်းတော့ သာမန်အရပ်သားပြည်သူတွေဆိုရင်လည်း သာမန်အရပ်သားအဖို့၊ မူဝါဒချမှတ်သူတွေဆိုရင်လည်း မူဝါဒချမှတ်သူတွေအဖို့၊ ကျွန်တော်တို့လို သုတေသီတွေဆိုရင်လည်း သုတေသီတွေအဖို့၊ ဒီအခြေအနေကို ဘယ်လိုနားလည်နိုင်မလဲဆိုတာက အဓိကမေးခွန်း ဖြစ်လာပါတယ်။ ကျွန်တော်တို့ ISP-Myanmar အနေနဲ့ကတော့ ဒီလိုမေးခွန်းတွေကို အခြေခံပြီးတော့ သုတေသနလုပ်ထားတဲ့အချက်တွေကို အခြေပြုပြီးတော့ သုံးသပ်ချက်တွေအပြင် နောက်ထပ် ဘာကိုလေ့လာဖို့လိုလဲဆိုတော့ ကိုယ်လေ့လာတဲ့အကြောင်းအရာရဲ့ အဖွဲ့အစည်းပေါ့နော်၊ သူ့ရဲ့ခေါင်းဆောင်မှုကိုပါ ကျွန်တော်တို့လေ့လာရပါတယ်။ သူ့ရဲ့စဉ်းစားတွက်ချက်ပုံတွေ၊ ဒါမှမဟုတ် စိတ်လိုလက်ရ ပြုမူကျင့်ကြံတတ်တဲ့ အမူအကျင့်တွေ၊ ဒါမှမဟုတ် ကျိုးကြောင်းဆီလျော်စွာ ဆုံးဖြတ်တတ်တဲ့ အကြောင်းအရာတွေကို အတိတ်ကဖြစ်ခဲ့တဲ့ အကြောင်းအရာတွေ၊ ဖြစ်စဉ်တွေကိုပါ ကျွန်တော်တို့က case studies အနေနဲ့ ယှဉ်တွဲပြီးတော့ လေ့လာတာတွေ လုပ်ရပါတယ်။ ဆိုလိုတာကတော့ ပဋိပက္ခဇာတ်ကောင်တွေရဲ့ အမူအကျင့်တွေနဲ့ တွက်ချက်စဉ်းစားပုံတွေကိုပါ ကျွန်တော်တို့က ယှဉ်တွဲပြီးတော့ လေ့လာရတဲ့ သဘောဖြစ်ပါတယ်။ ဒါမှလည်း စစ်ပွဲကိုလေ့လာတဲ့အခါမှာ၊ ပဋိပက္ခကို လေ့လာတဲ့အခါမှာ မဟာဗျူဟာစဉ်းစားချက်တွေကော၊ နည်းဗျူဟာဆိုင်ရာစဉ်းစားချက်တွေကိုပါ ကျွန်တော်တို့က ဆုပ်မိကိုင်မိမှာပါ။ ဒီလိုမျိုးသုတေသနတွေပြုလုပ်တဲ့အခါ ကျွန်တော်တို့ ကြုံရလေ့ရှိတဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုတွေကို ကိုဇော်ထက်က ရှင်းပြပေးပါဦးခင်ဗျာ။

ISP နှင့်အတူ မိနစ် ၃၀
30 MINUTES with the ISP



ဇော်ထက်
Program Officer
ISP Conflict, Peace & Security Program
ဆွေးနွေးဖက်

ဒုတိယပိုင်းမှာတော့ သုတေသနတွေလုပ်တဲ့အခါမှာ ကြုံရတဲ့အခြေအနေတွေအကြောင်းကို အဓိကဆွေးနွေးလိုပါတယ်။ လက်ရှိပဋိပက္ခဖြစ်စဉ်တွေရှိနေတဲ့ အခြေအနေ၊ ဝန်းကျင်မျိုးမှာ သုတေသနလုပ်ငန်းတွေ လုပ်ရတာက အခက်အခဲနဲ့ စိန်ခေါ်မှုတွေ အင်မတန်မှကို များပါတယ်။ သုတေသီတွေအနေနဲ့ ကိုယ်သိလိုတဲ့ သုတေသနမေးခွန်းကို ဖြေရှင်းနိုင်ဖို့အတွက် သုတေသနနည်းလမ်း (research methods and tools) တွေကို ရွေးချယ်အသုံးပြုရပါတယ်။ ဒီလိုရွေးချယ်အသုံးပြုတဲ့အခါမှာလည်း အခုလိုရှုပ်ထွေးနေတဲ့ လက်နက်ကိုင်ပဋိပက္ခအခြေအနေကို ပညာရပ်ဆိုင်ရာရှုထောင့်ကနေ သုတေသနမူဘောင်တွေကို စဉ်းစားဖို့၊ အချက်အလက်တွေ ကောက်ယူဖို့၊ ဒီကနေမှတဆင့် အချက်အလက်တွေကို ခွဲခြမ်းစိတ်ဖြာဖို့၊ ဒါတွေ ပြီးတဲ့အခါမှာလည်း ရလာတဲ့ အချက်အလက်တွေကို ပြန်လည်ရေးသားထုတ်ဝေတဲ့အခါမှာလည်း တကယ်ပဲ လက်ရှိပဋိပက္ခအခြေအနေကို ထင်ဟပ်နေရဲ့လားဆိုတာကလည်း သုတေသီတွေအတွက်တော့ အဓိကကြီးမားတဲ့ စိန်ခေါ်မှုတခုပါ။ ဒီအပိုင်းမှာတော့ အဓိကအချက်နှစ်ချက်ကို ထုတ်နုတ်ဆွေးနွေးလိုပါတယ်။

ပထမတချက်ကတော့ ဒေတာအချက်အလက် ကောက်ယူကြတဲ့အခါ ကြုံရတဲ့ စိန်ခေါ်မှုအခက်အခဲတွေပါ။ ဒေတာအချက်အလက်လို့ ပြောရင် မြန်မာနိုင်ငံရဲ့ ပဋိပက္ခကို လေ့လာနေတဲ့၊ သုတေသနပြုလုပ်နေတဲ့ အဖွဲ့အစည်းတွေ အများကြီးရှိပါတယ်။ တဖွဲ့နဲ့ တဖွဲ့အကြားမှာလည်း ကိန်းဂဏန်းအချက်အလက် ထုတ်ပြန်ချက်တွေ မတူညီကြတာလည်း များပါတယ်။ ဒါက ယေဘုယျအားဖြင့် ပြောရရင်တော့ အချက်အလက်ကောက်ယူတဲ့နည်းနာ (methodology) မတူညီတာကြောင့်လို့ ဖြေနိုင်ပါတယ်။ အချက်အလက်ကို အဓိကရယူတဲ့

သတင်းအရင်းအမြစ်(source)တွေ မတူညီကြတာမျိုးလည်း ရှိနိုင်ပါတယ်။ သတင်းအရင်းအမြစ်တွေ ကိုယ်တိုင်မှာလည်း ကန့်သတ်ချက်တွေ ရှိနိုင်ပါတယ်။ ဥပမာ-ဘယ်အရင်းအမြစ်က စိတ်ချယုံကြည်ရတယ်၊ ဘယ်အရင်းအမြစ်ကတော့ ဝါဒဖြန့်သက်သက်ပဲ ဆိုတာမျိုးကို သုတေသီက ပိုင်းခြားစစ်ဆေးနိုင်ဖို့ လိုပါတယ်။ နောက်ပြီးတော့ ကိုယ် ကောက်ယူတဲ့အချက်အလက်၊ ကိုယ့် data ရဲ့ အခြေခံယူနစ်သတ်မှတ်ပုံ(unit of studies) ကိုလည်း အဓိပ္ပာယ်တိတိကျကျ ဖွင့်ဆိုပေးနိုင်ဖို့လည်း လိုပါတယ်။ ဥပမာအားဖြင့် 'တိုက်ပွဲ' ဆိုတာကို ဘယ်လိုသတ်မှတ်လဲ၊ 'လေကြောင်းတိုက်ခိုက်ခံရမှု'တွေလို့ပြောရင် အကြိမ်ရေလား၊ ဗုံးအလုံးရေလား၊ လေယာဉ်ပျံအရေအတွက်လား၊ 'စစ်ဘေးရှောင်ဒုက္ခသည်'တွေလို့ ပြောရင် စစ်ဘေးရှောင်စခန်းမှာ နေတဲ့သူကိုပဲ ရေတွက်တာလား စသဖြင့် ကျနော်တို့ သုတေသီတွေအနေနဲ့ သေချာသတ်မှတ်ဖို့လိုပါတယ်။  ဒီလိုအဓိပ္ပာယ်တိတိကျကျ သတ်မှတ်ပြီးတဲ့အခါမှာလည်း ဒါကို တသမတ်တည်းဖြစ်အောင် ကျင့်သုံးဖို့ စနစ်ကလည်း လိုပါတယ်။ စနစ်ကျတဲ့ နည်းနာတွေ၊ တိကျတဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှုတွေမရှိဘဲနဲ့တော့ ကျနော်တို့သုတေသနလုပ်ငန်းတွေဟာ အရည်အသွေးအားဖြင့် အငြင်းပွားစရာ ဖြစ်နိုင်ပါတယ်။ နောက်တခါ ရရှိထားတဲ့ အချက်အလက်တွေကို တခြားသောအဖွဲ့အစည်းတွေနဲ့ တိုက်ဆိုင်စစ်ဆေးဖို့လည်း လိုပါတယ်။ ဥပမာ-မြေပြင်အချက်အလက်ကို အဓိကကောက်နေတဲ့ အဖွဲ့အစည်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ သူတို့ရဲ့ထုတ်ပြန်ချက်တွေနဲ့ တိုက်ဆိုင်စစ်ဆေးပေးဖို့လည်း လိုပါတယ်။ ပထမအပိုင်းမှာ ဆွေးနွေးခဲ့တာကတော့ ဒေတာအချက်အလက်ကောက်ယူတဲ့အခါမှာ ကြုံတွေ့ရတဲ့ စိန်ခေါ်မှုအခက်အခဲပါ။

ဒုတိယတချက်ကတော့ သုတေသနနည်းနာ (research methods and tools) ရွေးချယ်အသုံးပြုရပုံကို ဆွေးနွေးလိုတာပါ။ အချက်အလက်တွေ ရလာတဲ့အခါမှာ ပုံစံမျိုးစုံနဲ့ ဆန်းစစ်လေ့လာဖို့ လိုပါတယ်။ သုတေသီအနေနဲ့ ကိုယ်သိလိုတဲ့၊ ဖြေဆိုလိုတဲ့ သုတေသနမေးခွန်းရှိမယ်၊ ကိုယ် ကောက်ယူထားတဲ့ အချက်အလက်တွေ ရှိမယ်၊ ဒီနှစ်ခုကြားထဲမှာ သဟဇာတဖြစ်တဲ့၊ ဖြေရှင်းပေးနိုင်တဲ့ သုတေသနနည်းလမ်းကို ရွေးချယ်အသုံးပြုဖို့ဆိုတာက သုတေသနအဖွဲ့အစည်းတိုင်းအတွက် အင်မတန်မှကို အရေးကြီးပါတယ်။ ကျနော်တို့ ISP-Myanmar အနေနဲ့ကတော့ ပုံစံမျိုးစုံနဲ့ အချက်အလက်တွေကို ခွဲခြမ်းလေ့လာနိုင်ဖို့အတွက် လုပ်ကြပါတယ်။ ဥပမာအားဖြင့် ရရှိလာတဲ့အချက်အလက်တွေကို သိမ်းဆည်းပြီးတဲ့အခါမှာ စစ်ဆေးအတည်ပြုတာ၊ ဒါတွေပြီးတဲ့အခါမှာ အချိန်ကာလပိုင်းခြားပြီးတော့ လေ့လာဆန်းစစ်တာမျိုးတွေ၊ time series analysis လုပ်တာမျိုးတွေ၊ ပထဝီတည်နေရာတွေကို အခြေခံပြီး ပဋိပက္ခရဲ့ ကြီးမားကျယ်ပြန့်လာပုံတွေ (analysis of conflict escalation based on geo-location)၊ ပဋိပက္ခဇာတ်ကောင်တွေကို အခြေတည်ပြီးတော့ ပဋိပက္ခဖြစ်စဉ်ကို လေ့လာတာ

(differentiating the types of conflict based on conflict actors) စသဖြင့်၊ conflict ရဲ့ သရုပ်ကို ခွဲနိုင်ဖို့၊ conflict ရဲ့ဖြစ်စဉ်ကို နားလည်နိုင်ဖို့၊ ဒါတွေရဲ့ ရိုက်ခတ်မှုကို လေ့လာနိုင်ဖို့ စသဖြင့် နည်းလမ်းမျိုးစုံနဲ့ လုပ်ကြဖို့လိုပါတယ်။ ဒီလိုလုပ်တဲ့အခါမှာလည်း အကန့်အသတ်၊ စိန်ခေါ်မှုတွေ ရှိနိုင်ပါတယ်။ ဥပမာအားဖြင့် ပဋိပက္ခမြေပုံ(conflict maps)တွေ လုပ်ကြတဲ့ အခါမှာ တခါတရံ အခြေအနေအကန့်အသတ်ကြောင့် တိကျတဲ့မြေပုံညွှန်းတွေ မရတာမျိုး၊ တိုက်ပွဲအချက်အလက်တွေ ထုတ်ပြန်ကြတဲ့အခါမှာ အဖွဲ့အစည်းတွေအနေနဲ့ နှစ်အလိုက် ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ လုံးပေါင်းဂဏန်း(aggregate value)တွေ ထုတ်ပြန်ကြတဲ့ အခါမှာ တဖက်က သုတေသီတွေအနေနဲ့ ဒါကို အချိန်ကာလပိုင်းခြားလေ့လာတဲ့ သုတေသန တွေလုပ်ဖို့ အကန့်အသတ်တွေ ရှိနေနိုင်ပါတယ်။ ဒီလိုအကန့်အသတ်တွေကြားထဲကပဲ ကျနော်တို့ ISP-Myanmar က သုတေသီတွေအားလုံးက ပုံစံမျိုးစုံနဲ့ အချက်အလက်တွေကို ကောက်ယူနိုင်ဖို့၊ အတည်ပြုဆန်းစစ်နိုင်ဖို့၊ အသုံးပြုနိုင်ဖို့ တတ်စွမ်းသမျှ လုပ်ကြပါတယ်။ ကျနော်ရဲ့ ဆွေးနွေးတဲ့အပိုင်းကိုတော့ ဒီနေရာမှာ ပြန်ချုပ်ချင်ပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိ လက်နက်ကိုင်ပဋိပက္ခအခြေအနေက အင်မတန်မှ ကြီးမားကျယ်ပြန့်ပါတယ်။ ဒီလိုအခြေ အနေကို အများပြည်သူ နားလည်နိုင်ဖို့ ကြိုးပမ်းနေကြတဲ့ ကျနော်တို့ သုတေသီတွေအနေနဲ့ သိလိုတဲ့သုတေသနမေးခွန်းရဲ့ အရေးပါပုံ၊ ဒေတာအချက်အလက် စနစ်တကျစုဆောင်းပုံ၊ သုတေသနနည်းနာရွေးချယ်ပုံစတဲ့ သုတေသနလုပ်ငန်းနဲ့ပတ်သက်တဲ့ကိစ္စတွေကို နားလည် ကြေညက်နိုင်ကြဖို့က ကျနော်တို့ အမြဲတမ်း ကြိုးစားအားထုတ်နေရမယ်လို့ ဆိုလိုပါတယ်။ လာမယ့် တတိယပိုင်းကိုတော့ မပန်ဆုက ဆက်ပြီး ဆွေးနွေးသွားပါမယ်။

ISP နှင့်အတူ မိနစ် ၃၀
30 MINUTES with the ISP



ပန်ဆု
Program Associate
ISP Conflict, Peace & Security Program
ဆွေးနွေးဖက်

တတိယပိုင်းအနေနဲ့ကတော့ စစ်ပွဲတွေကြားထဲက အရပ်သားတွေရဲ့ မျက်နှာစာဘက်ခြမ်းကို ကျမ ဆွေးနွေးချင်ပါတယ်ရှင့်။ ကျမတို့ ISP-Myanmar အနေနဲ့ လူသားလုံခြုံရေးရှုထောင့်ကို အလေးပေးဖော်ပြလေ့ရှိပါတယ်။ စစ်ပွဲတွေအကြားမှာ အရပ်သားတွေ နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်နေရတဲ့ ဒုက္ခဆင်းရဲတွေက တောင်လိုပုံပြီး တကယ့်ကို ကြီးမားပါတယ်။ လျှပ်တပြက်အတွင်းမှာပဲ မိသားစုတွေ ပျောက်ဆုံးတာတွေ၊ ပြီးတော့ သူတို့ရဲ့သွေးတွေချွေးတွေနဲ့ အနှစ်နှစ်အလလက ရှာထားရတဲ့ အိုးအိမ်စည်းစိမ်တွေ ပြာပုံလုံးလုံးဖြစ်သွားတာတွေ၊ အဲဒီလိုမျိုး အခြေအနေတွေက ဒုနဲ့ဒေးရှိပါတယ်။ အာဏာရှင်ကို ဖြိုချနိုင်ဖို့ ရည်ရွယ်ချက်နဲ့ စစ်ရေးအောင်ပွဲတွေကို ဝိုင်းဝန်းချီးကျူးသြဘာပေးကြပေမဲ့ တဖက်မှာ စစ်ဘေးနွံထဲ နစ်နေတဲ့ အရပ်သားပြည်သူတွေရဲ့ အသံကိုတော့ စေ့စေ့ငုငုကြားနိုင်ဖို့က ခက်ခဲလှပါတယ်။ ဒီလိုမျိုး လူမှုဒုက္ခတွေအကုန်လုံးကို ဆုပ်ကိုင်တင်ပြနိုင်ဖို့ကလည်း ကျမတို့အတွက် စိန်ခေါ်မှုတခုအနေနဲ့ ရှိနေပါတယ်။ ကျမတို့ရဲ့ အယူအဆမှတ်စုမှာ ပြောခဲ့သလိုပဲ ကျမတို့ အခုလိုမျိုး စာမျက်နှာပေါ်မှာ မှတ်တမ်းတင်ထားနိုင်တယ်ဆိုတာကိုက တကယ့်ကို ရေခဲပြင်ထုအကြီးကြီးရဲ့ ရေပြင်ပေါ်မှာပေါ်နေတဲ့ ထိပ်ဖျားသေးသေးအပိုင်းအစလေးလောက်ပဲ ရှိပါသေးတယ်။

ရှေ့ပိုင်းမှာ ကိုကျော်ထက်နဲ့ ကိုဇော်ထက်တို့ ဆွေးနွေးသွားသလိုပဲ ကျမတို့အနေနဲ့ သုတေသနပြုလုပ်တိုင်းမှာ လူမှုအသိုက်အမြုံ၊ လူမှုဝန်းကျင်နဲ့ လူသားမျက်နှာစာကို အမြဲတမ်းအလေးပေး လေ့လာလေ့ရှိပါတယ်။ နိုင်ငံရေးအကျိုးစီးပွား၊ စီးပွားရေးအကျိုးအမြတ်နဲ့ အာဏာ၊ ပါဝါကိစ္စတွေမှာ အချိန်ကာလ၊ အခြေအနေ အကန့်အသတ်ကြောင့်မလို့ အချိန်တွေကို ရွှေ့လို့ဆိုင်းလို့ရပေမဲ့ ဒီလူထုရဲ့ ရှင်သန်ရပ်တည်ရေး၊ လုံလုံခြုံခြုံနဲ့ အေးအေးချမ်း ▶

ချမ်း အိပ်စက်နိုင်ဖို့ အရေးတွေကကျတော့ အချိန်ဆိုင်းလို့ ကောင်းတဲ့အရာ၊ အချိန်ရွှေ့လို့ ကောင်းတဲ့အရာတွေ မဟုတ်ပါဘူး။ တနည်းအားဖြင့် ပြောရမယ်ဆိုရင် ဒီလိုမျိုး အထိတ်ထိတ်အလန့်လန့်နဲ့ နေရတာက နေ့စဉ်စားဝတ်နေရေး၊ လူမှုစီးပွားဘဝ လုံခြုံရေးတွေကို ချိုးဖောက်ခံနေရတာပါ။ ဒီလိုချိုးဖောက်ခံရတာက အချိန်ကြာလာပြီဆိုရင် သာမန်ပြည်သူတွေရဲ့ဘဝက တကယ့်ကို ရှင်သန်ရပ်တည်ဖို့ ခက်ခဲလာမှာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ကျမတို့ သုတေသနလုပ်တဲ့သူတွေက ဒီလိုမျိုး ပြည်သူလူထုအပေါ် လက်နက်ကိုင်ပဋိပက္ခတွေရဲ့ ရိုက်ခတ်မှုတွေ၊ လူမှုဒုက္ခတွေကို စနစ်တကျလေ့လာကြပါတယ်။


ကျမတို့ အခုလက်ရှိလေ့လာနေတဲ့တခုဆိုရင် ပြီးခဲ့တဲ့နှစ် ၂၀၂၃ ခုနှစ် နိုဝင်ဘာလလောက်က စခဲ့ပါတယ်။ နိုင်ငံအနှံ့က လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်ခံနေရတဲ့အခြေအနေတွေကို သုံးလတကြိမ် အချက်အလက်တွေ ကောက်ယူတွက်ချက်လေ့လာပါတယ်။ အဲဒီမှာ အဓိကအားဖြင့် ပဋိပက္ခနဲ့ပတ်သက်ပြီးတော့ သက်ရောက်မှုအညွှန်းကိန်း သုံးမျိုး ပါဝင်ပါတယ်။ ပထမ

ကပြင်ရပ်ဝန်း
ISP Myanmar

ISP CONFLICT, PEACE AND SECURITY

## နိုင်ငံတဝန်း ပဋိပက္ခသက်ရောက်မှုကို ညွှန်းကိန်းသုံးခုဖြင့် လေ့လာခြင်း

ISP-Myanmar က နိုင်ငံတဝန်း လက်နက်ကိုင်ပဋိပက္ခ၏ သက်ရောက်မှုကို လုံခြုံရေးဆိုင်ရာ ပြင်းထန်သက်ရောက်မှုညွှန်းကိန်း၊ လူသားချင်းစာနာမှုအကျပ်အတည်း ညွှန်းကိန်းနှင့် ပြည်သူ့ဝန်ဆောင်မှုအကျပ်အတည်း ညွှန်းကိန်းဟူ၍ ညွှန်းကိန်းသုံးခုဖြင့် သုံးလတကြိမ် လေ့လာခဲ့ပါသည်။ အောက်ပါပုံတွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ၊ မေနှင့် ဩဂုတ်လတို့တွင် လေ့လာခဲ့မှုလေးကြိမ်၏ ပဋိပက္ခပြင်းထန်သက်ရောက်မှု ညွှန်းကိန်းများကို နှိုင်းယှဉ်ပြထားခြင်းဖြစ်သည်။




မှတ်ချက် - ဖော်ပြပါအချက်အလက်များမှာ ISP-Myanmar ၏ သုတေသနပြု လေ့လာချက်များအပေါ် အခြေခံပါသည်။ အချက်အလက် အသေးစိတ်ရရှိနိုင်မှု အကန့်အသတ်နှင့် နည်းနာပိုင်းမှုကွဲများကြောင့် ကွဲလွဲမှုများရှိနိုင်သည်။


တခုကတော့ မြို့နယ်တခုချင်းစီရဲ့ လက်နက်ကိုင်ပဋိပက္ခကိုအခြေခံတဲ့ လုံခြုံရေးညွှန်းကိန်းပါ။ အဲဒီအညွှန်းကိန်းမှာဆိုရင် မြို့နယ်တခုမှာ လက်နက်ကိုင်ပဋိပက္ခနဲ့ပတ်သက်ပြီးတော့ ဘယ်လောက်အထိ လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုတွေ ရှိနေပြီလဲဆိုတာကို ညွှန်းဆိုပါတယ်။ ဒုတိယတခုကတော့ လူသားချင်းစာနာမှုဆိုင်ရာအကျပ်အတည်းညွှန်းကိန်းပါ။ အဲဒီညွှန်းကိန်းကကျတော့ မြို့နယ်တခုမှာ လူသားချင်းစာနာမှုဆိုင်ရာအကျပ်အတည်း ဘယ်လောက်ထိမြင့်မားနေလဲဆိုတာကို ညွှန်းဆိုပါတယ်။ ဥပမာအားဖြင့် မြို့နယ်မှာရှိနေတဲ့ ဒုက္ခသည်အရေအတွက်က အဲဒီမြို့နယ်မှာရှိနေတဲ့ လူဦးရေရဲ့ ဘယ်လောက်ရာခိုင်နှုန်းအထိ ရောက်သွားပြီလဲ၊ အဲဒီအရေအတွက်နဲ့ဆိုရင်ရော ဒီမြို့နယ်က အကျပ်အတည်းလို့ ယူဆလို့ရပြီလားဆိုတဲ့ အခြေအနေတွေကို လေ့လာတဲ့ ညွှန်းကိန်းပါ။ နောက်ဆုံးတခုကတော့ နိုင်ငံတော်ရဲ့ ပြည်သူ့ဝန်ဆောင်မှု မရရှိနိုင်တော့တာကို ညွှန်းဆိုတဲ့ ညွှန်းကိန်းဖြစ်ပါတယ်။ အဲဒီအထဲမှာဆိုရင် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာကိစ္စတွေကို ပြည်သူတွေက ဘယ်လောက်ထိ ရရှိနိုင်လဲ၊ မရရှိနိုင်ဘူးလဲဆိုတာကို ညွှန်းဆိုပါတယ်။ အဲဒီအခြေအနေသုံးခုလုံးကို ကျမတို့က 'မြင့်မား'၊

ကပြင်ရပ်ဝန်း
ISP Myanmar

**ISP** CONFLICT, PEACE AND SECURITY

## မြို့နယ်စုစုပေါင်း၏ ၂၁ ရာခိုင်နှုန်းတွင် ပဋိပက္ခပြင်းထန်သက်ရောက်မှု မြင့်မားနေ

ISP-Myanmar က နိုင်ငံတဝန်း လက်နက်ကိုင်ပဋိပက္ခ၏ သက်ရောက်မှုကို လုံခြုံရေးဆိုင်ရာ ပြင်းထန်သက်ရောက်မှု ညွှန်းကိန်း၊ လူသားချင်းစာနာမှု အကျပ်အတည်း ညွှန်းကိန်းနှင့် ပြည်သူ့ဝန်ဆောင်မှု အကျပ်အတည်း ညွှန်းကိန်းဟူ၍ ညွှန်းကိန်းသုံးခုဖြင့် သုံးလတကြိမ် လေ့လာခဲ့ပါသည်။ ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် လေ့လာခဲ့သော လေ့လာမှုတွင် ညွှန်းကိန်းသုံးခုလုံး မြင့်မားနေသော မြို့နယ် ၇၁ မြို့နယ်အထိ ရှိလာနေသည်။




မှတ်ချက် - ဖော်ပြပါအချက်အလက်များမှာ ISP-Myanmar ၏ သုတေသနပြု လေ့လာချက်များအပေါ် အခြေခံပါသည်။ အချက်အလက် အသေးစိတ်ရရှိနိုင်မှု အကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုများရှိနိုင်သည်။

- ‘နိမ့်ပါး’၊ ‘မရှိ’ ဆိုတဲ့ အခြေအနေ သုံးခုနဲ့ သတ်မှတ်ထားပါတယ်။ ပုံမှာပြထားတဲ့ ဘားချပ်တွေကို ကြည့်နိုင်ပါတယ်ရှင့်။ အကြမ်းဖျင်းအားဖြင့် ပြောရမယ်ဆိုရင်တော့ ကျမတို့ ပြုလုပ်ထားတဲ့ လေ့လာချက် လေးကြိမ်စလုံးမှာ တခါပြီးတခါ ‘မြင့်မား’ ဆိုတဲ့အခြေအနေက တိုးတိုးလာတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒီညွှန်းကိန်းတခုချင်းစီကလည်း ပြည်သူလူထုရဲ့ လုံခြုံရေးအတွက် ဘယ်လောက်အထိ စိန်ခေါ်မှုရှိနေပြီလဲဆိုတာကို ညွှန်းပြသလိုမျိုး ဒီသုံးခုလုံးမှာ ‘မြင့်မား’လို့ ဖော်ပြနေတဲ့ မြို့နယ်အရေအတွက်ကလည်း တကယ့်ကိုအရေးကြီးပါတယ်။ ဆိုလိုတာကတော့ အဲဒီလို အညွှန်းကိန်း သုံးခုလုံးမှာ ‘မြင့်မား’ အဖြစ်ဖော်ပြနေတဲ့ မြို့နယ်တွေဟာ ပဋိပက္ခဘေးဒဏ်နဲ့ ပတ်သက်တဲ့ လုံခြုံရေးကော၊ လူသားချင်းစာနာမှုအကူအညီအတည်းကော၊ ပြည်သူ့ဝန်ဆောင်မှုကဏ္ဍတွေမှာ လုံခြုံရေးအရ စိုးရိမ်နေရတယ်ဆိုတဲ့သဘော ရှိပါတယ်။ ဒါတွေကို ကျမတို့ အခုပြထားတဲ့ မြေပုံမှာ ရှင်းရှင်းလင်းလင်း တွေ့နိုင်ပါတယ်။ ဩဂုတ်လမှာ နောက်ဆုံး ကောက်ယူထားတဲ့ အချက်အလက်အရဆိုရင် မြို့နယ်ပေါင်း ၇၁ ခုမှာ ဒီလိုမျိုး လုံခြုံရေးဆိုင်ရာ ‘မြင့်မား’ ဆိုတဲ့ အခြေအနေအဖြစ်ရှိနေပါတယ်။ တဖြည်းဖြည်းနဲ့ များလာတာကိုလည်း ကျမတို့ အရင်ကောက်ယူခဲ့တဲ့အချက်အလက်တွေနဲ့ နှိုင်းယှဉ်ဖော်ပြချက်တွေမှာ တွေ့နိုင်ပါတယ်။ အထူးသဖြင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလမှာ ကောက်ယူထားတဲ့ အချက်အလက်နဲ့ ၂၀၂၄ ခုနှစ် မေလမှာ ကောက်ယူထားတဲ့အချက်အလက်တွေနှစ်ခုကို ယှဉ်ကြည့်မယ်ဆိုရင် အင်မတန် ကွာခြားလာတာကို တွေ့ရမှာဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် ဩဂုတ်လထဲမှာ ကောက်ယူထားတဲ့အချက်အလက်တွေအရဆိုရင် မြို့နယ်ပေါင်း အနည်းဆုံး ၇၁ မြို့နယ်က ဒီညွှန်းကိန်းသုံးခုလုံးမှာ ‘မြင့်မား’ အခြေအနေအဖြစ် ရှိနေပါတယ်။ ဒါတွေက ပြည်သူလူထုအတွက် သူတို့နေထိုင်ရာ နေရာဒေသအသီးသီးမှာ ဘယ်လောက်ထိ လုံခြုံရေးဆိုင်ရာ အခြေအနေ စိန်ခေါ်မှုတွေရှိနေပြီလဲဆိုတာကို ဖော်ပြနေတာပဲ ဖြစ်ပါတယ်။ နိဂုံးချုပ်အပိုင်းကို ကိုကျော်ထက်ကပဲ ဆွေးနွေးပေးပါဦး။

ISP နှင့်အတူ မိနစ် ၃၀

**30 MINUTES with the ISP**



ကျော်ထက်

Program Head

ISP Conflict, Peace & Security Program

ဦးဆောင်ဆွေးနွေးသူ

ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ် ကိုဇော်ထက်နဲ့ မပန်ဆုခင်ဗျာ။ ရှေ့မှာပြောခဲ့သလို လက်နက်ကိုင်ပဋိပက္ခတွေဖြစ်နေတဲ့ အခြေအနေနဲ့ ဝန်းကျင်မျိုးမှာ ကျနော်တို့သုတေသီတွေအတွက် သုတေသနပြုလုပ်ရတာဟာ အင်မတန်မှကို အခက်အခဲနဲ့ စိန်ခေါ်မှုတွေ များပါတယ်။ နောက်တခုကတော့ ဘယ်ရှုထောင့်ကနေ ရေးမလဲ၊ ပြောမလဲ၊ ဘယ်အကြောင်းအရာကို ရွေးချယ်ပြောမလဲဆိုတာကလည်း အများကြီးအရေးကြီးပါတယ်။

ကျနော်တို့ ISP-Myanmar အနေနဲ့ကတော့ သုတေသနတွေလုပ်တဲ့အခါမှာ၊ အကြောင်းအရာတွေ ရွေးချယ်တဲ့အခါမှာ အချက်သုံးချက်နဲ့ ဆုံချက်ကျအောင် အမြဲတမ်းကြိုးစားပါတယ်။ ပထမတခုက ဘာလဲဆိုတော့ ကျနော်တို့ ပြောတဲ့၊ ရေးတဲ့ အကြောင်းအရာဟာ မျက်မှောက်ရေးရာ အကြောင်းအရာ ဖြစ်တယ်ဆိုတဲ့ဟာပါ။ ကျနော်တို့ခေါ်တာတော့ current issues ဖြစ်တာပေါ့နော်။ ဆိုတော့ ဒါက အတိတ်ကဖြစ်ခဲ့တဲ့အကြောင်းအရာတွေ မဟုတ်ဘဲနဲ့ မျက်မှောက်ကာလရဲ့ပြဿနာတွေကို ကျနော်တို့ ဖြေရှင်းချင်တယ်၊ ပြောပြချင်တယ်ဆိုတဲ့အတွက်ပါ။ နောက်တခု ဒုတိယတချက်ကတော့ နည်းစနစ်ပိုင်းနဲ့ နည်းနာအရပေါ့နော်၊ ပညာရပ်ဆိုင်ရာအရ ဆီလျော်အောင် လေ့လာဖော်ထုတ်တာပါ။ ဒါကတော့ methodologically informed ဖြစ်တာပေါ့။ ကိုဇော်ထက် ပြောခဲ့တာဆိုရင်လည်း အများကြီးချိုင့်မိတဲ့ဟာတွေပါ။ တတိယတခုက ဘာလဲဆိုတော့၊ ကျနော်တို့ သုတေသနလုပ်တဲ့အကြောင်းအရာတွေဟာ ကျနော်တို့ရဲ့ အတ္တဘာဝအရ သိချင်ရုံသက်သက်မဟုတ်ဘူးပေါ့နော်။ ကျနော်တို့လေ့လာတဲ့အကြောင်းအရာတွေဟာ မူဝါဒရေးရာအရ အထောက်အပံ့ဖြစ်ဖို့ကို အများကြီး ရည်ရွယ်ပါတယ်။ ဒါက ကျနော်တို့ policy implications ရှိအောင်လုပ်တယ်ဆိုတဲ့ သဘောပါ။ ရှေ့က ▶

မပန်ဆု ဆွေးနွေးခဲ့သလိုပဲ ကျနော်တို့ရဲ့ သုတေသနတွေဟာ လူသားလုံခြုံမှုနဲ့ လူမှုဘဝ ပြဿနာတွေကို ဖြေရှင်းပေးနိုင်ဖို့၊ ဒါမှမဟုတ် ဒီနိုင်ငံကို ကျနော်တို့ အကျပ်အတည်းထဲ ကနေ ရုန်းထွက်စေနိုင်တဲ့ မူဝါဒရေးရာအတွက် အထောက်အကူဖြစ်အောင် လေ့လာတာ မျိုးကို အဓိကဆိုလိုတာပါ။

ဒီလိုမျိုး စနစ်တကျလေ့လာတဲ့ ကြားထဲမှာလည်း ကျနော်တို့မှာ အကန့်အသတ်တွေ၊ မမြင်နိုင်တဲ့ ရှုထောင့်တွေလည်း အများကြီးရှိနိုင်ပါတယ်။ အဲဒါကြောင့် တခြားသူတွေရဲ့ ဝေဖန်စကားသံတွေကိုလည်း ကျနော်တို့ အမြဲတမ်းတန်ဖိုးထားပါတယ်။ ကျနော်တို့ ISP-Myanmar ရဲ့ Facebook page မှာပဲဖြစ်ဖြစ်၊ ဘယ်မှာပဲဖြစ်ဖြစ်၊ ဒီဝေဖန်သူတွေရဲ့ စကားသံတွေကို ကျနော်တို့ အမြဲတမ်းလေ့လာပါတယ်။ နောက်တခုကတော့ ကျနော်တို့အနေနဲ့ကတော့ ရှုပ်ထွေးလွန်းတဲ့ အခြေအနေကို ရှင်းပြတဲ့အခါမှာ အင်္ဂလိပ်လိုတော့ wishful thinking လို့ ခေါ်တဲ့ ဖြစ်ချင်ဇောကို အရင်းတည်ပြီး ဆွေးနွေးတာမျိုးတွေ ကျနော်တို့ လုပ်လေ့လုပ်ထ

ကပြင်ရပ်ဝန်း
ISP Myanmar

ISP CONFLICT, PEACE AND SECURITY

ISP-Myanmar ၏ ဆုံချက်သုံးခု




မရှိပါဘူး။ ဒါ့အပြင် တကယ့်အဖြစ်မှန်ကို ဖုံးကွယ်ပြီးတော့ တင်ပြတာမျိုး၊ ဆွေးနွေးတာမျိုး လုပ်လေ့လုပ်ထ မရှိပါဘူး။ ဒါ့အပြင် သုတေသနဆောင်ရွက်ချက်နဲ့ ရလဒ်မှာလည်း ရန်-ငါ ဖြတ် အတွေးအခေါ်နဲ့ အိုင်ဒီယိုလိုဂျီအရ လွှမ်းမိုးတာ ဒါမှမဟုတ် သွတ်သွင်းတာမျိုးတွေကို လည်း ကျနော်တို့ အများကြီးရှောင်ရှားပါတယ်။ အချက်အလက်ကို အခြေပြုပြီးတော့ အခြေအနေကို တင်ပြဆွေးနွေးတာ၊ ဒါမှမဟုတ် ဖြစ်နိုင်ခြေရှိတဲ့ အလားအလာတွေကို တွက်ချက်ပြတာ၊ ဒါမှမဟုတ် မူဝါဒရေးရာအတွက် အကြံပြုချက်တွေကို ဖော်ထုတ်တင်ပြ တာ စတာတွေကိုပဲ ကျနော်တို့ လုပ်လေ့လုပ်ထရှိပါတယ်။ ဒီနေ့ဆွေးနွေးပွဲမှာတော့ အဲဒီလို ကြိုးပမ်းမှုတွေရဲ့ ကန့်လန့်ကာနောက်ကွယ်(behind the scenes)မှာ ကျနော်တို့ ဘယ်လို အလုပ်လုပ်နေကြလဲဆိုတာတွေကို လှစ်ဟပြချင်တာပါပဲ။ စစ်ပွဲပဋိပက္ခတွေနဲ့ လူသားလုံခြုံ ရေးဆိုင်ရာရှုထောင့်တွေကို ISP-Myanmar ရဲ့ သုတေသီတွေက ဘယ်လိုဘယ်ပုံ လေ့လာ နေကြလဲ၊ အခက်အခဲတွေကို ဘယ်လိုရင်ဆိုင်ဖြေရှင်းနေကြလဲ ဆိုတာတွေကို ဆွေးနွေး ရင်းနဲ့ ကျနော့်ရဲ့ ဆွေးနွေးမှုကို ဒီမှာ နိဂုံးချုပ်ချင်ပါတယ်။

ISP-Myanmar က
ဖော်ပြနေတဲ့ သုတေသန ဒေတာ အချက်အလက်တွေကို
ISP Telegram Channel မှာလည်း ရယူဖတ်ရှုနိုင်ပါတယ်။

SCAN THIS CODE

ISP နှင့်အတူ မိနစ် ၃၀
30 MINUTES with the ISP



အင်ကြင်းမေ
Program Head
ISP Communications Department
အခမ်းအနားမှူး

ဟုတ်ကဲ့ပါ။ ဆွေးနွေးပေးသွားတဲ့ ကိုကျော်ထက်၊ ကိုဇော်ထက်နဲ့ မပန်ဆုတို့ကို ကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးတော့ ကျမတို့ အမေး/အဖြေ ကဏ္ဍကိုသွားချင်ပါတယ်ရှင့်။ ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေဆီကနေ ကြိုပြီးတော့ မေးခွန်းတွေ ကောက်ခံထားပါတယ်။ မေးခွန်းတွေကို တူရာစုပြီးတော့ သုံးခုပြင်ဆင်ထားပါတယ်။ ပထမမေးခွန်းက...

?

သုတေသနပြုလုပ်တာတွေက ကောင်းပါတယ်။ ဒါပေမဲ့ တချို့ပြောကြတာ ရှိပါတယ်။ သုတေသနပြုလုပ်တဲ့ ရည်ရွယ်ချက်တွေက တော်လှန်ရေးအောင်မြင်ဖို့၊ အထောက်အကူပြုဖို့အတွက် လုပ်ရင် ပိုကောင်းတယ်ဆိုတာမျိုးပါ။ ဒီလိုပြောဆိုချက်တွေကို ဘယ်လိုမြင်ပါသလဲ။

ISP နှင့်အတူ မိနစ် ၃၀
30 MINUTES with the ISP



ဇော်ထက်
Program Officer
ISP Conflict, Peace & Security Program
ဆွေးနွေးဖက်

ဟုတ်ကဲ့၊ မေးခွန်းမေးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ယေဘုယျအားဖြင့်တော့ သုတေသနတခုပြုလုပ်တယ်ဆိုတာက တခုခုကို ရှာဖွေတာ၊ အကြောင်းအရာတခုခုကို လေ့လာတာ၊ အတည်ပြုတာ စသဖြင့် အဓိပ္ပာယ်တွေ ဖွင့်ဆိုနိုင်ပါတယ်။ နောက်တခါ ဘယ်သူက ဘယ်လိုရည်ရွယ်ချက်နဲ့ လုပ်သလဲဆိုတာပါ။ သုတေသနဆိုတာကလည်း ရည်ရွယ်ချက်က အရေးကြီး

ပါတယ်။ ဥပမာအားဖြင့် နိုင်ငံတကာအစိုးရတွေမှာ ကိုယ်ပိုင်သုတေသနအဖွဲ့အစည်းတွေ ရှိကြပါတယ်။ နိုင်ငံရေးပါတီတွေမှာလည်း ကိုယ်ပိုင်သုတေသနအဖွဲ့အစည်းတွေရှိကြပါတယ်။ အဲဒီလိုမျိုး အဖွဲ့အစည်းတွေရဲ့ သုတေသနလုပ်ငန်းတွေဆိုရင်တော့ သူတို့လုပ်ငန်းတွေ အောင်မြင်ဖို့၊ တိုးတက်ဖို့၊ မူဝါဒရေးရာအတွက် လွှမ်းမိုးဖို့ စသဖြင့် ရည်ရွယ်ချက်တွေ ရှိနိုင်ပါတယ်။ ကျနော်တို့အနေနဲ့ကတော့ လွတ်လပ်ပြီး ပါတီစွဲကင်းတယ်၊ အစိုးရမဟုတ်တဲ့ သုတေသနအဖွဲ့ဖြစ်တဲ့အတွက်ကြောင့် ကျနော်တို့ရဲ့သုတေသနလုပ်ငန်းတွေက ပြည်သူလူထု အကျိုးစီးပွား၊ ပြည်သူလူထုရဲ့ လူမှုဒုက္ခ စတာတွေကို အဓိက ဦးတည်ပါတယ်။

ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES** with the **ISP**



အင်ကြင်းမေ
Program Head
ISP Communications Department
အခမ်းအနားမှူး

ဟုတ်ကဲ့ပါ။ ဆွေးနွေးဖြေကြားသွားတဲ့ ကိုဇော်ထက်ကို ကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းကို ဆက်သွားပါမယ်ရှင့်။ ဒုတိယမေးခွန်းက...

?

ဒီလိုမျိုး ပဋိပက္ခနဲ့ လူမှုဒုက္ခတွေကို သုတေသနပြု၊ ရှင်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အခုနောက်ပိုင်းသတိထားမိတာတော့ ဒါမျိုးပဋိပက္ခအကြောင်းတွေကို လေ့လာကြတဲ့အခါ မြေပုံတွေဆွဲပြီး ရှင်းပြကြတာမျိုးတွေ ပိုများလာတာကို သတိထားမိပါတယ်။ ISP-Myanmar က လုပ်တဲ့ဟာတွေနဲ့ ဘာကွာခြားလဲ သိပါရစေ။

ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES with the ISP**




ပန်ဆု

Program Associate
ISP Conflict, Peace & Security Program
ဆွေးနွေးဖက်

ဟုတ်ကဲ့ရှင့်။ အကြောင်းအရာအရပ်ရပ်ကို သုတေသန လုပ်လာကြတယ်ဆိုတာကတော့ ဒါကောင်းတဲ့ကိစ္စရပ်ပဲပေါ့နော်။ ကျမတို့ ISP-Myanmar အနေနဲ့ကတော့ သုတေသန လုပ်တဲ့အခါမှာ ပထမဦးဆုံး 'ဒီအကြောင်းအရာကတော့ သုတေသနလုပ်ဖို့ ကောင်းတယ်၊ မဆိုးဘူး' စသဖြင့် အကြောင်းအရာပေါ်မှာ အခြေခံပြီးတော့ ဆုံးဖြတ်တာ၊ စဉ်းစားတာထက် ကျမတို့ တိုင်းပြည်ကို အကျပ်အတည်းကနေ ဘယ်လိုရုန်းထွက်နိုင်အောင်လုပ်မလဲဆိုတဲ့ သုံးသပ်ချက်အပေါ်မှာ အခြေခံပြီးတော့ စဉ်းစားပါတယ်။ အဲဒီစဉ်းစားချက်တွေမှာဆိုရင် အဓိကက ပြည်သူလူထုရဲ့ လုံခြုံရေးအပြင် လူ့ဂုဏ်သိက္ခာနဲ့ပတ်သက်တဲ့ကိစ္စရပ်တွေကိုလည်း ကျမတို့က အလေးပေး စဉ်းစားပါတယ်။ ပြီးတော့ အခုလက်ရှိခေါင်းဆောင်တွေရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းတွေကိုလည်း ဘယ်လိုမျိုး ထောက်ပြ၊ ပြောဆိုမလဲဆိုတဲ့ ကိစ္စရပ်တွေကိုလည်း ကျမတို့ အာရုံစိုက်ပါတယ်။ ဒါတွေအပြင် အရှေ့မှာ ကိုကျော်ထက် ဆွေးနွေးသွားတဲ့ အချက်သုံးချက်ရဲ့ ဆုံချက်ကိုလည်း ကျမတို့ အလေးထားပြီးတော့ သုတေသနတွေ ပြုလုပ်ပါတယ်ရှင့်။

ISP နှင့်အတူ မိနစ် ၃၀
30 MINUTES with the ISP



အင်ကြင်းမေ
Program Head
ISP Communications Department
အခမ်းအနားမှူး

ဆွေးနွေးပေးသွားတဲ့ မပန်ဆုကို ကျေးဇူးတင်ပါတယ်ရှင့်။ တတိယမေးခွန်းကတော့ ...

?

လားရှိုးမြို့ကို MNDAA နဲ့ မဟာမိတ်တချို့က သိမ်းယူအပြီးမှာ မန္တလေးနဲ့ နေပြည်တော်ကို ဆက်ပြီးချီတက် တိုက်ခိုက်ကြမှာလားဆိုပြီး ပြောဆိုတာတွေ ရှိပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဘယ်လိုနားလည်လို့ ရမလဲဆိုတာ သိပါရစေ။

ISP နှင့်အတူ မိနစ် ၃၀
30 MINUTES with the ISP




ကျော်ထက်
Program Head
ISP Conflict, Peace & Security Program
ဦးဆောင်ဆွေးနွေးသူ

ကျေးဇူးတင်ပါတယ်။ ဒီမေးခွန်းက အများလည်း သိချင်မယ် ထင်ပါတယ်။ အချိန်အကန့်အသတ်နဲ့ နည်းနည်းချုပ်ပြီး ဖြေချင်ပါတယ်။ ကျနော်တို့မြင်တာတော့ နှစ်ပိုင်းနားလည်လို့ ရမယ် ထင်ပါတယ်။ ပထမတပိုင်းကတော့ မဟာဗျူဟာအရ နားလည်ရတဲ့ဟာပေါ့နော်။ ဒါက တစုံလုံးချီတဲ့ ကိစ္စဖြစ်ပါတယ်။ နောက်တခုကတော့ ဒီစစ်ဆင်ရေးတွေ လုပ်တဲ့အခါမှာ ▶

▶ အော်ပရေးရှင်းနဲ့ပတ်သက်တဲ့၊ နည်းနာနဲ့ပတ်သက်တဲ့ ကိစ္စပါ။ ကျနော်တို့ထင်တာကတော့ မဟာဗျူဟာအရ စဉ်းစားမယ်ဆိုရင် ပြောလေ့ပြောထရှိတာတခုကတော့ တရုတ်ရဲ့အကျိုးစီးပွားနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ပဋိပက္ခဇာတ်ကောင်တွေ အကျိုးစီးပွားဆုံချက်ကျရင် အရမ်းမြန်ဆန်တတ်တယ်ဆိုတဲ့ဟာမျိုးက အရေးကြီးပါတယ်။ ဒါပေမဲ့ ဒီကိစ္စမှာကတော့ လားရှိုးကနေ အစပြုပြီးဖြစ်လာတဲ့ နေပြည်တော်နဲ့ မန္တလေးကို သိမ်းမယ့်ကိစ္စတွေကတော့ ဘယ်အဖွဲ့က ဒီစစ်ပွဲကို ဦးဆောင်ပြီး တိုက်မလဲဆိုတာက အများကြီး အရေးကြီးမယ်ထင်ပါတယ်။ မြောက်ပိုင်းအဖွဲ့တွေအနေနဲ့ကတော့ နိုင်ငံရေးအရရော မဟာဗျူဟာအရပါ ဦးဆောင်နိုင်ဖို့ ခက်မယ်ထင်ပါတယ်။ တရုတ်က လက်ခံဖို့ ခက်ခဲပြီးတော့၊ ဒါကိုလည်း MNDAA ဘက်က ထုတ်ပြန်ချက်တွေပါ ထုတ်ပြန်ထားတာ တွေ့ရပါတယ်။ ဒါပေမဲ့ အော်ပရေးရှင်းအပိုင်းမှာကျတော့ တစိတ်တပိုင်းအနေနဲ့ ပါဝင်တာမျိုးတွေလည်း ဖြစ်နိုင်ပါတယ်။ သူကနေပြီး စစ်ကြောင်းချီပြီး တိုက်တာမျိုးတွေ မဟုတ်ပေမဲ့ ဒေသခံတပ်တွေ တိုက်တဲ့အခါ သူကဝင်ကူပေးတာမျိုးတွေကလည်း အများကြီးဖြစ်နိုင်မယ် ထင်ပါတယ်။ ဒါပေမဲ့လည်း အရာရာမှာ အကန့်အသတ်တွေ အများကြီး ရှိနိုင်ပါတယ်။

ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES with the ISP**



အင်ကြင်းမေ
Program Head
ISP Communications Department
အခမ်းအနားမှူး

ဟုတ်ကဲ့ပါ။ ဖြေကြားသွားတဲ့ ကိုကျော်ထက်ကို ကျေးဇူးတင်ပါတယ်ရှင့်။ ဆက်လက်ပြီးတော့ အခုဆွေးနွေးပွဲကို တက်ရောက်လာကြတဲ့ ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေဆီကနေ မေးခွန်းနဲ့ မှတ်ချက်တခုစီ လက်ခံပါမယ်ရှင့်။ မေးမြန်းချင်တဲ့သူတွေအနေနဲ့ Raise Hand Button ကို သုံးပြီး မေးလို့ရပါတယ်။ ကျမတို့ဘက်မှာ အရင်ဆုံး ပေါ်လာတဲ့သူကို ခေါ်ယူသွားပါမယ်ရှင့်။ မေးမြန်းချင်တဲ့သူတွေအနေနဲ့ Raise Hand လေး လုပ်ပေးပါရှင့်။ Chat ထဲမှာ ပို့ထားတဲ့ မေးခွန်းတခုကို မေးပါမယ်ရှင်။

ISP နှင့်အတူ မိနစ် ၃၀

**30 MINUTES with the ISP**



ISP ကပြင်ရပ်ဝန်းသားတဦး

**?**

ပြည်သူတွေ ခံစားနေရတဲ့ ဒုက္ခတွေအတွက် ကိုယ်စားမပြုလို့များ တော်လှန်ရေးအဖွဲ့တွေ ညီညွတ်မှု မရတာလား။

ISP နှင့်အတူ မိနစ် ၃၀

**30 MINUTES with the ISP**



ကျော်ထက်


Program Head

ISP Conflict, Peace & Security Program

ဦးဆောင်ဆွေးနွေးသူ

ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။ ဒီနှစ်ခုကတော့ သုတေသနအရပြောရရင် causal relations တော့ မရှိဘူးပေါ့နော်။ ဆိုတော့ တော်လှန်ရေးအဖွဲ့တွေရဲ့ညီညွတ်မှုနဲ့ ဒီတော်လှန်ရေးကြီးက ဘယ်လိုပုံစံမျိုး ရွေ့နေတယ်ဆိုတဲ့ကိစ္စကတော့ တပိုင်းဖြစ်ပြီးတော့ ပြည်သူတွေရဲ့ လူမှုဒုက္ခကို ပြောတဲ့အပိုင်းကတော့ တပိုင်းပေါ့နော်။ အဲဒါကြောင့် ကျနော်တို့ သုတေသနရှုထောင့်တွေမှာ ပြောခဲ့သလိုပဲ ပထမတပိုင်းက ကျနော်တို့ ဒီသုတေသနကို ဘယ်လိုဘယ်ပုံလုပ်လဲ၊ ဘယ်လိုအခက်အခဲရှိလဲ၊ အဲဒီနေရာမှာ လူသားတွေရဲ့ဒုက္ခတွေကို ဘယ်လိုရှုမြင်သလဲဆိုတာကို ကျွန်တော်တို့ ပြောခဲ့တာပါ။ ဒုတိယတပိုင်းကတော့ အဲဒါရဲ့ impact ပေါ့နော်။ ပြည်သူတွေရဲ့ဒုက္ခကို လေ့လာတာပါ။ ပြန်ချုပ်ရရင် ဒီနှစ်ခုကြားထဲမှာ အဆက်အစပ်တော့ မရှိပါဘူး။ ပဋိပက္ခတိုက်ပွဲတွေ များလာတာနဲ့အမျှ လူသားတွေက ပိုပြီးတော့ လူမှုဒုက္ခဒဏ်တွေ ပိုခံစားရမယ်ဆိုတာက နိုင်ငံတကာဥပမာတွေမှာလည်း အများကြီးတွေ့ရမယ် ထင်ပါတယ်။ ဒီလိုပဲ ကျနော် တိုတိုတုတ်တုတ် ပြန်ဖြေချင်ပါတယ်။

ISP နှင့်အတူ မိနစ် ၃၀
30 MINUTES with the ISP



အင်ကြင်းမေ
Program Head
ISP Communications Department
အခမ်းအနားမှူး

ဟုတ်ကဲ့။ အခုလို ဖြေကြားပေးသွားတဲ့ ကိုကျော်ထက်ကို ကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးတော့ ကျမတို့ နောက်ထပ်မေးခွန်းတခု ဒါမှမဟုတ် မှတ်ချက်တခုကို လက်ခံပါ့မယ်ရှင့်။

ISP နှင့်အတူ မိနစ် ၃၀
30 MINUTES with the ISP



ISP ကပြင်ရပ်ဝန်းသားတဦး


?

ဗမာတော်လှန်ရေးအဖွဲ့တွေနဲ့ ဗမာမဟုတ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေမှာ မဟာဗျူဟာထက်ပိုတဲ့ အဂ္ဂမဟာဗျူဟာ ချမှတ်ထားတာမျိုး တွေ့မိပါသလား။



ကျော်ထက်
Program Head
ISP Conflict, Peace & Security Program
ဦးဆောင်ဆွေးနွေးသူ

ဟုတ်ကဲ့ခင်ဗျ။ ကျနော်တို့ မြင်တာကတော့ 'စစ်ဆင်ရေး ၁၀၂၇'နောက်ပိုင်းမှာ သိသာလာတာတခုက ဘာလဲဆိုတော့ ဒီပဋိပက္ခအထဲမှာပါတဲ့ ဇာတ်ကောင်တွေအကုန်လုံးက ကိုယ်လုပ်နိုင်မယ်ထင်လို့၊ ကိုယ်ကနေပြီးတော့ စစ်ရေးအရ ချီတက်နိုင်မယ်ထင်လို့ အကုန်လုံးက သိမ်းကျုံးပြီးတော့ ဒီစစ်ဆင်ရေးတွေကို လုပ်နေကြတဲ့သဘောပေါ့နော်။ ဒါပေမဲ့ တခုကတော့ operational level မှာ တယောက်နဲ့ တယောက် ချိတ်ဆက်ဆောင်ရွက်မှုတွေကို ကျနော်တို့ တွေ့ရပါတယ်။ ဒါပေမဲ့ မဟာဗျူဟာလို့ပြောရမယ်ဆိုလို့ရှိရင် နိုင်ငံရေးနဲ့ဆိုင်တဲ့ ဒီနိုင်ငံမှာ ဒါတွေပြီးရင် ဘယ်လို အတူတူနေထိုင်ကြမလဲ၊ ဘယ်လိုမျိုး ပေါင်းစည်းကြမလဲဆိုတဲ့အပိုင်းတွေမှာတော့ ဆုံချက်ကျတယ်လို့တော့ ကျနော်တို့ မထင်သေးပါဘူး။ သူ့ဟာနဲ့သူ ကိုယ့် process နဲ့ကိုယ် သွားနေကြတဲ့အဆင့်ပဲ ရှိပါသေးတယ်။ မေးခွန်းမှာ မေးထားသလို အဂ္ဂမဟာဗျူဟာမျိုးတော့ မတွေ့ရဘူးလို့ပဲ ပြောရမှာ ဖြစ်ပါတယ်ဗျ။



အင်ကြင်းမေ
Program Head
ISP Communications Department
အခမ်းအနားမှူး

ဟုတ်ကဲ့၊ ဖြေကြားပေးတဲ့ ကိုကျော်ထက်ကိုလည်း ကျေးဇူးတင်ပါတယ်ရှင့်။ မေးခွန်းတွေ မေးပေးတဲ့ ကပြင်ရပ်ဝန်းသူ/ရပ်ဝန်းသားတွေကိုလည်း အထူးကျေးဇူးတင်ပါတယ်ရှင့်။ အစီအစဉ် မရပ်နားခင် နိဂုံးချုပ်အနေနဲ့ ကျမတို့ရဲ့ panelist တွေက ဘာများပြောချင်ပါသေးလဲရှင့်။




ကျော်ထက်
Program Head
ISP Conflict, Peace & Security Program
ဦးဆောင်ဆွေးနွေးသူ

ဟုတ်ကဲ့။ ကျနော်တို့ ISP-Myanmar အနေနဲ့ သုတေသန လုပ်တဲ့အခါ အမြဲတမ်း နှလုံးသွင်းတာတခုက အမှန်တရားကို ရှာဖွေဖော်ထုတ်တဲ့အခါမှာ ကျနော်တို့ မမြင်နိုင်တဲ့ blind spot ပေါ့နော်၊ မမြင်နိုင်တဲ့ ရှုထောင့်လိုဟာမျိုးက အမြဲတမ်းရှိနေနိုင်ပါတယ်။ ဒါကြောင့်မို့ ကျနော်တို့ လေ့လာတဲ့အခါမှာ အမြဲတမ်း ရှုထောင့်တခုတည်း၊ အယူအဆတခုတည်း၊ နည်းနာတခုတည်းကပဲ လေ့လာတာမျိုး မဟုတ်ဘဲနဲ့ တခြားနည်းနာတွေ၊ တခြားရှုထောင့်တွေကနေ ယှဉ်ထိုးစဉ်းစားတာတွေ အမြဲလုပ်ပါတယ်။ ကျနော်တို့ ISP-Myanmar မှာဆိုရင်လည်း ပဋိပက္ခ၊ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးဌာနတင် မဟုတ်ဘဲနဲ့ တရုတ်ရေးရာ အထူးပြုလေ့လာတဲ့ အစီအစဉ်တွေ၊ လူမှုစီးပွားရေးရာလေ့လာမှုအစီအစဉ်တွေ၊ အုပ်ချုပ်ရေးနဲ့ပတ်သက်ပြီး ▶

▸ လေ့လာတဲ့ အစီအစဉ်တွေကို ကျနော်တို့ ထားရှိပါတယ်။ သုတေသနဌာနတခုက တွေ့ရှိတဲ့ အချက်အလက်တွေကိုဘဲ တခြားသုတေသနဌာနတခုက ရလဒ်တွေနဲ့ ကျနော်တို့ အမြဲ ယှဉ်ထိုးပြီး စဉ်းစားတာမျိုးတွေ၊ တခုနဲ့ တခု တွဲပြီးတော့ လုပ်ကြည့်တာမျိုးတွေ အမြဲလုပ်ပါ တယ်။ ဒါမှလည်း ကျနော်တို့ အကြောင်းအရာတခုကို ရှုထောင့်ပေါင်းစုံကနေ လေ့လာ နိုင် မှာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးရင်းနဲ့ပဲ ကျနော်တို့ရဲ့ ဆွေးနွေးမှုကို နိဂုံးချုပ်ချင်ပါတယ်။

ISP နှင့်အတူ မိနစ် ၃၀
**30 MINUTES** with the **ISP**



အင်ကြင်းမေ
Program Head
ISP Communications Department
အခမ်းအနားမှူး

ဟုတ်ကဲ့၊ ကျမတို့ရဲ့ ဒီနေ့အစီအစဉ်မှာ မဖြေလိုက်ရဘဲ ကျန်ရှိနေတဲ့မေးခွန်းတွေ ရှိနေပါတယ်။ နောက်ပိုင်းမှာ အီးမေးလ်ကနေတဆင့် ပြန်လည်ဖြေကြားသွားပါ့မယ်ရှင့်။ အခြားသုတေသန အချက်အလက်တွေနဲ့ မြေပုံတွေကိုလည်း ISP-Myanmarရဲ့ www.ispmyanmar.com နဲ့ social media တွေမှာလည်း အခမဲ့ဝင်ရောက်လေ့လာနိုင်ပါတယ်ရှင်။

အခုအစီအစဉ်ကို တက်ရောက်လာကြတဲ့ ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောရင်းနဲ့ ဒီနေ့အစီအစဉ်ကို ရပ်နားလိုက်ပါတယ်ရှင့်။ ■

# နောက်ဆက်တွဲမေးခွန်းနှင့် ဖြေဆိုချက်

၂၀၂၄ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ပြုလုပ်ခဲ့သော 'ISP နှင့်အတူ မိနစ် ၃၀' အစီအစဉ် ပြုလုပ်ချိန်အတွင်း စာဖြင့်ရေးသား မေးမြန်းခဲ့သော မေးခွန်းအား ပြန်လည်ဖြေဆိုထားခြင်း ဖြစ်ပါသည်။

?

**နိုင်ငံရေးအရ ပဋိပက္ခလျော့နည်းဖို့ မြန်မာပြည်နဲ့ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်ကို ဘယ်လိုပုံဖော်နိုင်မလဲ။**

မြန်မာနိုင်ငံရဲ့ လက်နက်ကိုင်ပဋိပက္ခအကြောင်းကိုပြောတဲ့အခါမှာ ကျနော်တို့ အမြဲတမ်း ပြောလေ့ပြောထရှိတာကတော့ မြန်မာနိုင်ငံဟာ ပြည်ထောင်စုကြွန်အင်လက္ခဏာကို ဘယ်တုန်းကမှ မတည်ဆောက်နိုင်ခဲ့ဘူး(incomplete nation building)ဆိုတဲ့ကိစ္စပါ။ ဒါ့အပြင် စစ်အာဏာရှင်စနစ်ကလည်း ဆင့်ပွားလာခဲ့တော့ အခြေအနေတွေက ပိုရှုပ်ထွေးခဲ့ပြီး မူရင်းပြဿနာကိုလည်း မဖြေရှင်းနိုင်၊ ပြဿနာအသစ်တွေလည်း တိုးလာတဲ့ အခြေအနေဖြစ်ခဲ့ရပါတယ်။ ဒါ့အပြင် ခေတ်အဆက်ဆက်မှာလည်း ဒီမိုကရေစီက အဓိကလား၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးက အရင်လားဆိုတဲ့ မေးခွန်းတွေနဲ့လည်း ရှုပ်ထွေးခဲ့ကြပါတယ်။ ၂၀၁၀ ပြည့်နှစ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကာလနောက်ပိုင်းမှာတော့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဆိုတဲ့ အသုံးအနှုန်းကို ပိုသုံးလာကြပြီးတော့ ဖက်ဒရယ်ဆိုတဲ့ နိုင်ငံတည်ထောင်မှုပုံသဏ္ဍာန်(form of the state)နဲ့ ဒီမိုကရေစီဆိုတဲ့ အုပ်ချုပ်မှုပုံစံ(form of government)ဆိုတာဟာ တခုနဲ့ တခု ဆက်စပ်နေတယ်။ တခုကို တခု လိုအပ်တယ်ဆိုတာမျိုးကို လက်ခံခဲ့ကြပါတယ်။ ဖက်ဒရယ်နဲ့ ဒီမိုကရေစီဟာ တကယ်လည်း အပြန်အလှန်အမှီသဟဲပြုပါတယ်။ ဖက်ဒရယ်ထဲမှာမှ ဘယ်လိုပုံစံဆိုတဲ့ကိစ္စအပြင် ဘယ်လိုအကောင်အထည်ဖော်ရမလဲဆိုတာကတော့ ဒီပဋိပက္ခဖြစ်စဉ်ထဲမှာ ပါဝင်နေကြတဲ့ ဇာတ်ကောင်တွေကြားထဲ ဆွေးနွေးညှိနှိုင်းကြရမယ့်ကိစ္စဖြစ်ပါတယ်။ ဗဟိုနဲ့ ပြည်နယ်အကြား အာဏာကို ဘယ်လိုခွဲဝေကြမလဲ၊ ပြည်နယ်ယူနစ်အနေနဲ့ ဘယ်နှစ်ခုထားမလဲ၊ လုံခြုံရေးကဏ္ဍကို အတူတကွဘယ်လိုတည်ဆောက်ကြမလဲ၊ ဖြစ်စဉ်ကို အဆင့်ဘယ်နှစ်ခုနဲ့ ဘယ်လောက်ကြာအကောင်အထည်ဖော်ကြမလဲ၊ ရွေးကောက်ပွဲစနစ်နဲ့ လွှတ်တော်စနစ်တွေကို ဘယ်လိုပုံစံမျိုးကျင့်သုံးကြမလဲ စတဲ့ အကြောင်းအရာတွေက နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းကြရမှာပါ။ ■

Institute for Strategy and Policy-Myanmar
+66 80 747 9712
PO Box 149, Chiang Mai University PO, Chiang Mai, 50202.
info@ISPMyanmar.com
www.ISPMyanmar.com